# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာ

## အမှတ်၊ ၉ /၂၀၁၆

## ၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

## (၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် ထိရောက်စွာ ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ ဘေးဒဏ်ခုခံကာကွယ်နိုင်စွမ်းမြင့်မားသော လူမှုအသိုက်အဝန်းဖြစ်ပေါ်စေရန်နှင့် ဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးစေရေးစသည်တို့အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၁၈ ပါ လုပ်ငန်းများကို ဆောင်ရွက်ရန် အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း(၃)၊ ပုဒ်မ ၅(ခ)တွင် အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) အတွင်းရေးမှူး
ဦးဆောင်ညွှန်ကြားရေးမှူး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတစ်ဝန်းဒေသအလိုက် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိုဘေးအန္တရာယ်များကြောင့် အိုးအိမ်နှင့်အခြေခံအဆောက်အအုံများ ထိခိုက်ဆုံးရှုံးနိုင်မှု အခြေအနေကို ကြိုတင်လေ့လာဆန်းစစ် ဖော်ထုတ်ထားရန်၊

(ခ) ပျက်စီးဆုံးရှုံးမှုအခြေအနေပေါ် မူတည်၍ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံချက်များ ကြိုတင်ရေးဆွဲဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးချိန်တွင် ဘေးသင့်ပြည်သူများ ဘေးကင်းလုံခြုံသည့် နေရာတွင် ယာယီနေထိုင်နိုင်ရေးစီမံ ဆောင်ရွက် ပေးရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့်နေအိမ်များကို ဘေးကင်းလုံခြုံသည့် သင့်လျော်သောနေရာတွင် သဘာဝဘေးဒဏ်ခံအဆောက်အဦများအဖြစ် ပြန်လည်တည်ဆောက်ပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

(င) ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့်လမ်းတံတား၊ အခြေခံအဆောက်အအုံများ၊ မြို့ပြနှင့် အများပိုင်အဆောက်အအုံများကို သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိစွာ ပြန်လည်တည်ဆောက်ပေးရန်၊

(စ) သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသည့် မြို့ရွာများပြန်လည် ထူထောင်ရာတွင် မြို့ပြအင်္ဂါရပ်နှင့်ညီစေရေး၊သဘာဝဘေးဒဏ်ခံနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ရေးတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊

(ဆ) ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးသင့်ပြည်သူများကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊

(ဇ) အိုးအိမ်ဆုံးရှုံးသွားသည့် ဘေးသင့်သူများအား ပြန်လည်တည်ဆောက်ပြီးသည့် အဆောက်အဦများတွင် စနစ်တကျ ပြန်လည်နေရာချထားပေးရန်၊

(ဈ) ဘေးသင့်သူများအနက် ကျောင်းသား၊ ကျောင်းသူများပညာသင်နှစ်မပျက် ဆက်လက်သင်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန်နှင့် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ပေးရန်၊

(ည) ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖြစ်စေရေးကြီးကြပ်ဆောင်ရွက်ရန်၊

(ဋ) အန္တရာယ်ဖြစ်ပွားစေနိုင်သောစက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦများ၊ လမ်း၊ တံတားများအတွက် နည်းပညာဆိုင်ရာအကြံပေးခြင်း၊ ကြိုတင်သတိပေးစနစ်ထားရှိရေးနှင့် အရေးပေါ် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်၊

(ဌ) နိုင်ငံတကာအသိုင်းအဝိုင်းမှ ကမ်းလှမ်းလာသည့် လူသားချင်းစာနာမှု အကူအညီများ၊ ရန်ပုံငွေတောင်းခံဖြည့်ဆည်းမှုများ၊ ပြန်လည်ထူထောင်ရေးအထောက်အပံ့များ၊ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက်များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဍ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့် လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဎ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကိုမှတ်တမ်းပြုစုထားရှိရန်နှင့်(၃)လတစ်ကြိမ်

အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဏ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကိုဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ(ကိုယ်စား)

စိုးအောင်

အတွင်းရေးမှူး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

စာအမှတ်၊ ၁-၅ / ၄၀ (က) / ၀၂၅

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး